# မြန်မာဘာသာစကားရှိ စကားမြှုပ်စနစ်ကို ဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း

ပါရဂူ(Ph D) ဘွဲ့အတွက် တင်သွင်းသောကျမ်း


မရီရီချို

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်


၂၀၀၆ ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

"စကားမြှုပ်စနစ်" ဟူသည် ဘာသာစကားတစ်ခုကို ပြောဆိုရေးသားရာ၌ ဝါကျတွင်းရှိ စကားလုံးအချို့ကို မြှုပ်ချန်ထားသည့် စနစ်ဖြစ်သည်။ ဤကဲ့သို့ မြှုပ်ချန်ထားသော အစိတ်အပိုင်းသည် ထည့်သွင်းဖော်ပြလိုလျှင်လည်းရပြီး မြှုပ်ချန်ထားလိုလျှင်လည်းရသော အစိတ်အပိုင်းဖြစ်သည်။ သဒ္ဒါနည်းကျစွာ ပြည့်စုံသော ဝါကျတစ်ခုတည်ဆောက်ရန်လိုအပ်သော အစိတ်အပိုင်းကိုပင် မြှုပ်ချန်ထားနိုင်သည့် စနစ်သည် စကားမြှုပ်စနစ်ပင်ဖြစ်သည်။ စကားမြှုပ်စနစ်သည် နေ့စဉ်သုံးအပြောစကားတွင် များစွာတွင်ကျယ်လျက်ရှိပြီး စာအရေးအသားတွင်လည်းတွေ့ရသည်။ မြန်မာ၊ အင်္ဂလိပ် ဘာသာစကားများတွင်ရှိနေသော စနစ်ဖြစ်ပြီး အခြားဘာသာစကားများတွင်လည်း ရှိနေနိုင်သည်။

မြန်မာဘာသာစကားရှိ စကားမြှုပ်စနစ်ကို လေ့လာရာတွင် စကားမြှုပ်(Ellipsis) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်နှင့် သဘောသဘာဝ၊ မြန်မာဘာသာစကားတွင် စကားမြှုပ်သည့် အလေ့အထ တို့အပြင် မြန်မာဘာသာစကားနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် အင်္ဂလိပ်ဘာသာစကားတွင် စကားမြှုပ်တတ်ပုံ တို့ကို အခန်း(၁)တွင် လေ့လာတင်ပြထားပါသည်။

အခန်း(၂)တွင်မူ မြန်မာဘာသာစကားရှိ စကားမြှုပ်စနစ်ကို မြန်မာပညာရှင်များက မည်ကဲ့သို့ ထင်မြင်ယူဆကြပုံ၊ မည်ကဲ့သို့ လေ့လာဖော်ထုတ်ကြပုံများကို တင်ပြထားသည်။

အခန်း(၃)တွင် ဝါကျဖွဲ့ထုံးနှင့် ဝါကျအမျိုးအစားအကြောင်း၊ ဝါကျတို့၏ ဖွဲ့စည်းပုံများကို တင်ပြထားပါသည်။ ဤသို့တင်ပြရခြင်းမှာ စကားမြှုပ်ဝါကျနှင့် ပြည့်စုံသော ဝါကျကို နှိုင်းယှဉ်၍ မည်သည့်အစိတ်အပိုင်းကို မြှုပ်ထားကြောင်း ဖော်ထုတ်နိုင်ရန် ပြည့်စုံသော ဝါကျဖွဲ့စည်းပုံကို သိရှိထားရန် လိုအပ်သောကြောင့် ဖြစ်သည်။

အခန်း(၄)တွင် မြန်မာဝါကျရိုး၌ စကားမြှုပ်သည့်စနစ်၊ အခန်း(၅)တွင် မြန်မာဝါကျရော၌ စကားမြှုပ်သည့်စနစ်တို့ကို တင်ပြထားသည်။ ဤသို့တင်ပြရာ၌ တစ်ခန်းစီတွင် နာမ်မြှုပ်သည့်စနစ်၊ ကြိယာမြှုပ်သည့်စနစ်၊ ဝိဘတ်မြှုပ်သည့်စနစ်ဟူ၍ အဓိကအပိုင်း(၃)ပိုင်းစီ ခွဲ၍ လေ့လာတင်ပြထားပါသည်။

အခန်း(၆)တွင်မူ မြန်မာဘာသာစကားရှိ စကားမြှုပ်စနစ်ကို ခြုံငုံသုံးသပ်တင်ပြထားပါသည်။